# မီဒီယာထံအကြောင်းကြားစာ

KAREN RIVERS WATCH

## ဆက်သွယ်ရန်


စောသာဘိုး။ ။ကရင်မြစ်ချောင်းများစောင့်ကြည့်ရေးကွန်ရက်၊ +959782639714 (အင်္ဂလိပ်၊ မြန်မာဘာသာ)<br>
နော်ဝါးခူရှီး။ ။ကရင်မြစ်ချောင်းများစောင့်ကြည့်ရေးကွန်ရက်၊ +95 9770298548 (အင်္ဂလိပ်၊ ကရင်ဘာသာ)<br>
ထုံချိုင်း (ဒေးဒေး)။ ။ +66 878435288 (ထိုင်း၊ ကရင်ဘာသာ)


**မြန်မာစစ်တပ်၏လုပ်ရပ်များကြောင့် ကရင်ပြည်နယ်အတွင်း စစ်မက်အားပိုမိုကျယ်ပြန့်လာစေနိုင်သည့်အလားအလာရှိကာ ငြိမ်းချမ်းရေး၊ စစ်ပြေးဒုက္ခသည်များ နေရပ်ပြန်လည်နေထိုင်ရေးနှင့် ရေရှည်တည်တန့်ဖွံ့ဖြိုးမှုများအပေါ် ထိခိုက်သည်။**

တိုက်ပွဲများသည် ဟတ်ကြီးရေကာတာစီမံကိန်းနှင့်တိုက်ရိုက်ဆက်စပ်သည်ဟု ကရင်ခေါင်းဆောင်ကဆိုသည်။

**ရန်ကုန်မြို့၊ မြန်မာနိုင်ငံ (စက်တင်ဘာလ ၊၂၀၁၆ ခုနှစ်) ။** လက်ရှိကရင်ပြည်နယ်၊ ဟတ်ကြီးရေကာတာစီမံကိန်းတည်ရှိရာနယ်မြေအတွင်းလုပ်ဆောင်သော မြန်မာစစ်တပ်၏ဆက်တိုက်စစ်ဆင်ရေးများကြောင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) နှင့်ရင်ဆိုင်တိုက်ခိုက်မှုများဖြစ်လာနိုင်ဖွယ်ရှိပြီး လေးနှစ်ကျော်ရှိနေပြီဖြစ်သည့် အပစ်ခတ်ရပ်စဲရေးကိုထိခိုက်စေနိုင်ကြောင်း သံလွင်မြစ်ကိုအကာအကွယ်ပေးရန်ရည်ရွယ်ပြီး ကရင်လူထုအခြေပြုအဖွဲ့များဖြင့်ပူးပေါင်းဖွဲ့စည်းထားသော ကရင်မြစ်ချောင်းစောင့်ကြည့်ရေးကွန်ရက်ကဆိုလိုက်ပါသည်။

| | |
|---|---|
| အကြောင်းအရာ။ | ။ကရင်ပြည်နယ်အတွင်း၌ဖြစ်ပွားနေသော လက်ရှိတိုက်ပွဲများအပေါ် ကရင်မြစ်ချောင်းများစောင့်ကြည့်ရေးကွန်ရက်၏ သတင်းစာရှင်းလင်းပွဲ |
| နေရာ။ | ။Orchid Hotel ၊ (၁၀ ထပ်)၊ အမှတ် ၉၁၊ အနော်ရထာလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်၊ ဖုန်း +95 9254614813 |
| အချိန်။ | ။ စက်တင်ဘာလ (၂၉) ရက်၊ ကြာသာပတေး၊ ၂၀၁၆ ခုနှစ်၊ နံနက် (၁၀) နာရီမှ နေ့လည် (၁၂) နာရီအထိ။ |

နေပြည်တော်တွင် ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး မြန်မာအစိုးရနှင့် ကရင်ခေါင်းဆောင်များအကြား ငြိမ်းချမ်းရေးအတွက် ဆွေးနွေးမှုများလုပ်ဆောင်နေစဉ်တွင် လတ်တစ်လောကရင်ပြည်နယ်အတွင်း မြန်မာစစ်တပ်၏ပံ့ပိုးမှုကိုရရှိထားသော ကရင်ပြည်နယ် နယ်ခြားစောင့်တပ်နှင့် ဒီကေဘီအေခွဲထွက်အဖွဲ့များအကြား ဖြစ်ပွားသောတိုက်ပွဲများကြောင့် ပြည်တွင်းစစ်ပြေးဒုက္ခသည်များအတွက် ၎င်းတို့နေအိမ်သို့ ငြိမ်းချမ်းစွာပြန်လည်နေထိုင်နိုင်လိမ့်မည်ဟူသော မျှော်လင့်ချက်ကို မှဲ့စေပါသည်။ စက်တင်ဘာလအစောပိုင်းတွင်ပင် အကောင်အထည်ဖော်ရန်လျာထားသော ဟတ်ကြီးရေကာတာစီမံကိန်းတည်ရှိရာနေရာ၏အရှေ့နှင့်တောင်ဘက်ခြမ်းဒေသမှ ပြည်သူလူထု ၅၀၀၀ ကျော်သည် နေရပ်အိုးအိမ်စွန့်ခွာကာ အခြားနေရာသို့ ထွက်ပြေးတိမ်းရှောင်ရခဲ့ပြီဖြစ်သည်။

ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်ထံမှရရှိသည့် သတင်းအရင်းအမြစ်များအရ ထိုစစ်ဆင်ရေးများသည် ကရင်ပြည်နယ်အတွင်း မြန်မာစစ်တပ်၏နယ်မြေစိုးမိုးမှုအတိုင်းအတာကို တိုးချဲ့ရန်အတွက်သာဖြစ်ကာ ဤသည်မှာလည်း အတိုက်အခံများစွာနှင့်ရင်ဆိုင်နေရပြီး ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) ၏ ထိန်းချုပ်မှု

နယ်မြေတစ်စိတ်တစ်ဒေသထဲတည်ရှိနေသည့် ဟတ်ကြီးရေကာတာစီမံကိန်းကို အကောင်အထည်ဖော်နိုင်ရေးအတွက် စီမံကိန်းအနီးပတ်ဝန်းကျင်နေရာအား ထိန်းချုပ်မှုရယူနိုင်ရန်အတွက်သာဖြစ်သည်။ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) သည် ကရင်အမျိုးသားအစည်းအရုံး (KNU) ၏တပ်မတော်ဖြစ်ကာ ကရင်အမျိုးသားအစည်းအရုံးသည်လည်း အကြီးဆုံးသောကရင်လက်နက်ကိုင်အဖွဲ့အစည်းဖြစ်ပြီး တစ်နိုင်ငံလုံးအပစ်ခတ်ရပ်စဲရေးသဘောတူညီမှုစာချုပ်ကို လက်မှတ်ရေးထိုးထားသောအဖွဲ့ဖြစ်သည်။ ယခုအထိ အချိန်ကြာမြင့်စွာကြန့်ကြာနေသည့် ဟတ်ကြီးရေကာတာစီမံကိန်းကို ထိုင်းနှင့်တရုတ်ရင်းနှီးမြုပ်နှံသူများမှ အကောင်အထည်ဖော်သွားမည်ဖြစ်ပြီး စီမံကိန်းမှရရှိလာမည့်လျှပ်စစ်ဓါတ်အားကို ထိုင်းနိုင်ငံသို့တင်ပို့ရောင်းချသွားမည့်အချိန်တွင် ဤရေကာတာကြီးကြောင့် နေရာဒေသကြီးမားကျယ်ပြန့်စွာ ရေအောက်နစ်မြုပ်သွားမည်ဖြစ်သလို လူသန်းပေါင်းများစွာမှီခိုနေသည့် လွတ်လပ်စွာစီးဆင်းနေသော သံလွင်မြစ်ကိုလည်း ပျက်စီးခြင်းသို့ရောက်ရှိစေမည်ဖြစ်သည်။

"မြိုင်ကြီးငူ - မယ်သဝေါလမ်းတစ်လျှောက်ဖြစ်ပွားခဲ့တဲ့တိုက်ပွဲတွေဟာ မြန်မာစစ်တပ်နဲ့ နယ်ခြား စောင့်တပ်တွေအတွက် ကရင်ပြည်နယ်ထဲဝင်ရောက်ပြီး နယ်မြေစိုးမိုးမှုရယူနိုင်အောင် အခွင့်အရေးဖန်တီးပေးတယ်" ဟု ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) ၏ ဒုတိယစစ်ဦးစီးချုပ်စောဘောကျော်ဟဲကဆိုသည်။ ထို့ပြင် "မြိုင်ကြီးငူ - မယ်သဝေါလမ်းကနေတစ်ဆင့် ဟတ်ကြီးရေကာတာစီမံကိန်းရှိတဲ့နေရာကို သွားနိုင်တယ်" ဟု ၎င်းကဆိုသည်။

ကရင်ခေါင်းဆောင်များနှင့်ရွာသူရွာသားများကလည်း ယခုတိုက်ပွဲများသည် မြန်မာစစ်တပ်မှကြာ ရှည်စွာကျင့်သုံးလာခဲ့သော divide and rule ခေါ် သွေးခွဲအနိုင်ယူသိမ်းပိုက်ထိန်းချုပ်ရေးမူဝါဒ၏ လောလောလတ်လတ်ဥပမာများဖြစ်ပြီး သဘာဝသယံဇာတအပေါ် စီးပွားရေးဆိုင်ရာအကျိုးအမြတ် ရယူလိုမှုများနှင့်ဆက်နွယ်သည်ဟုဆိုသည်။ "ဟတ်ကြီးရေကာတာစီမံကိန်းကို အကောင်အထည်ဖော်နိုင်ဖို့အတွက် မြန်မာစစ်တပ်နဲ့နယ်ခြားစောင့်တပ်ဖက်က လမ်းနဲ့စီမံကိန်းနေရာကို အပြည့်အဝထိန်းချုပ်နိုင်မှရမယ်" ဟု ၎င်းက ဖြည့်စွက်ပြောဆိုခဲ့သည်။

စီးပွားရေးဆိုင်ရာ အကြီးစားအခြေခံအဆောက်အအုံစီမံကိန်းများအတွက် ယခုကဲ့သို့ စစ်လက္ခဏာဆောင်စစ်ရေးတိုးချဲ့မှုများသည် ကရင်ပြည်နယ်အတွင်းပဋိပက္ခကို ပိုမိုဆိုးရွားစေမည်သာဖြစ်ပြီး လက်ရှိဆောင်ရွက်နေသည့်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ထိခိုက်စေမည်ဖြစ်ကာ ဒုက္ခသည်များစွာတို့၏နေရပ်ပြန်လည်နေထိုင်ရေးကို အဟန့်အတားဖြစ်စေမည်ဖြစ်ကြောင်းကို ကရင်မြစ်ချောင်းများစောင့်ကြည့်ရေးကွန်ရက်က သတိပေးလိုက်သည်။ တိုင်းရင်းသားပြည်သူလူထုနှင့် ၎င်းတို့၏အခွင့်အရေးများအပေါ် အကြမ်းဖက်ထိခိုက်ချိုးဖေါက်မှုများပါဝင်သည့် စီးပွားရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုများသည် ဒီမိုကရေစီစနစ်ကျသည့်အနာဂတ် မြန်မာနိုင်ငံကို ဖန်တီးပေးနိုင်မည်မဟုတ်ပါ။